**Lastenkasvatusvihkonen**
**burman kielellä (suppea versio)**

ကလေးများ ဖွံ့ဖြိုးတိုးတက်ကြီးပြင်းလာခြင်းနှင့် ပတ်သက်သောစာအုပ်ကလေး

မြန်မာဘာသာစကားဖြင့်

# မိသားစုနဲ့ နိုင်ငံပြောင်းလာခြင်း

Väestöliitto

# မိသားစုနဲ့ နိုင်ငံပြောင်းလာခြင်း

## ၁ နိုင်ငံပြောင်းလာခြင်းဟာ မိသားစုအတွက် ကြီးမားတဲ့ကိစ္စတစ်ခု ဖြစ်တယ်။

### ၁.၁ အကျင့်ရစေဖို့ တစ်ဦးချင်းမတူဘူး။

နိုင်ငံအသစ်ကို ပြောင်းရင် လူတစ်ယောက်နဲ့ သူရဲ့မိသားစုဘဝက အများကြီး ပြောင်းလဲနိုင်တယ်။ ဘာသာစကားအသစ်၊ ယဉ်ကျေးမှုအသစ်နဲ့ ပတ်ဝန်းကျင်အသစ်ကို အကျင့်ရအောင် ကြိုးစားရတယ်။

နိုင်ငံအသစ်တစ်ခုရဲ့ စနစ်ကို အကျင့်ရဖို့ အချိန်ယူရတယ်။ မိသားစုတွင် ရှိတဲ့လူတွေအားလုံးအတွက် အခက်အခဲ တူပေမယ့် အကျင့်ရဖို့ အချိန်ကုန်ခြင်းက မတူဘူး။ လူတစ်ချို့က အခြားလူထက် အကျင့်ရဖို့ ပိုမြန်တယ်။

အများသောအားဖြင့် ကလေတွေက ဘာသာစကားသစ်ကို မူကြိုကျောင်းနဲ့၊ ကျောင်းတွင် သူငယ်ချင်းတွေဆီက လေ့လာလေ့ရှိကြတယ်။ မိဘတွေက အစပိုင်း ဖင်လန်သူတွေနဲ့ အဆက်အသွယ် နည်းလို့ အကျင့်ရဖို့ ပိုအချိန်ယူရတယ်။

### ၁.၂ အကျင့်ရခြင်းက တစ်ဆင့် တိုးတက်လာတယ်။

အကျင့်ရခြင်းက တစ်ဖြည်းဖြည်း ဆက်သွားပြီး တစ်ဆင့် တိုးတက်လေ့ရှိတယ်။ အစပိုင်း နိုင်ငံအသစ်တစ်ခုတွင် ဘဝအသစ်ကို အကောင်းဘက်က မြင်လေ့ရှိတယ်။ ဒါပေမယ့် ရုတ်တစ်ရက် အရင်နေခဲ့တဲ့ နိုင်ငံကို သတိရနိုင်တယ်။ အချိန်ကြာပြီးမှ နိုင်ငံအသစ်တွင် နေဖို့ အကျင့်ရရင် ဘဝအသစ်က အဆင်ပြေသွား လေ့ရှိတယ်။

နိုင်ငံပြောင်းလာသူက မိမိဘာသာစကားနဲ့ ရိုးရာကို ထိန်းသိမ်းထားပေမယ့် ကိစ္စအသစ်တွေကိုလည်း လေ့လာ ချင်ရင် နိုင်ငံအသစ်တွင် နေဖို့ ပိုလွယ်လိမ့်မယ်။ နိုင်ငံအသစ်တွင် နေဖို့ လေ့လာပေမယ့် မိမိရဲ့ အရင်ဘဝကို မမေ့ဘူး။

နိုင်ငံအသစ်တွင် အကျင့်ရဖို့ နှစ်ရှည်စွာ အချိန်ကုန်နိုင်တယ်။ တစ်ခါတစ်ရံ ဘဝတွင် တိုးတက်မှုမရှိဘူးလို့ နိုင်ငံပြောင်းလာသူက ခံစားနိုင်တယ်။ အဲဒီလို ခံစားရင် အရင်ဘဝကို စွဲမြဲလေ့ ရှိတယ်။ ကလေးတွေက အယူအဆအသစ်နဲ့ အကျင့်အသစ်တွေကို အမြန်လေ့လာရင် မိသားစုတွင် အခက်အခဲ ပေါ်လာနိုင်တယ်။

### ၁.၃ နိုင်ငံအသစ်တွင် မျှော်လင့်ချက်အသစ်တွေ ပေါ်လာလေ့ရှိတယ်။

တစ်ခါတစ်ရံ နိုင်ငံအသစ်တွင် တစ်ချို့ကိစ္စတွေက အသုံးမဝင်တော့ဘူး။ တစ်ချို့ကိစ္စတွေကို အစပြန်သင် ရတယ်။ ဘာသာစကားအသစ်ကို လေ့လာရတယ်။ တစ်ခါတစ်ရံ လုပ်ငန်းအသစ်တစ်ခုအတွက် လေ့လာ ရတယ်။ လူတွေနဲ့ ဆက်သွယ်တဲ့ပုံစံအသစ်တွေ လေ့လာရတယ်။ အဲဒါကို လေ့လာဖို့ အချိန်ယူပြီး ကျင့်ရ တယ်။

ယောကျ်ားနဲ့ မိန်းမ လုပ်တဲ့ပုံစံဟာ နိုင်ငံအသစ်တွင် အရင် နေခဲ့တဲ့နိုင်ငံနဲ့ ခွဲခြားနိုင်တယ်။ မိသားစုတွင် အရာရာတိုင်း ဆန့်ကျင်ဘက် ဖြစ်သွားနိုင်တယ်။ မိဘတွေက နိုင်ငံအသစ်တွင် အကူအညီ လိုအပ်တယ်လို့ ခံစားရင် ကလေးတွေက မိဘကို အနိုင်ယူပြီး ဆရာလုပ်နိုင်တယ်။

နိုင်ငံအသစ်တွင် ဘာဖြစ်နိုင်မှုတွေ ရှိသလဲဆိုတာကို မသိရင် အနာဂတ်အတွက် အစီအစဉ် လုပ်ဖို့ ခက်နိုင်တယ်။ အလုပ်ရဖို့လည်း ခက်နိုင်တယ်။ အဲဒီလိုဖြစ်ရင် မိသားစုရဲ့ ငွေကြေးနဲ့ ပတ်သက်တဲ့ကိစ္စတွေအတွက် အစီအစဉ် လုပ်ဖို့ ခက်နိုင်တယ်။

နိုင်ငံအသစ်တစ်ခုကို ပြောင်းလာရင် ဘယ်လိုအခက်အခဲရှိနိုင်သလဲဆိုတာနဲ့ ဘာအကျိုးဆက်တွေ ရှိနိုင်သလဲဆိုတာကို စဉ်စားဖို့ လိုအပ်တယ်။ နိုင်ငံပြောင်းပြီးမှ ဘာဖြစ်သွားနိုင်သလည်းဆိုတာကို နားလည်းရင် မိသားစုတွင် ဖြစ်လာမယ့် ပြောင်းလဲမှုတွေကို လက်ခံဖို့ ပိုလွယ်ကူတယ်။

## ၁.၄ အကျင့်ပါစေခြင်းနဲ့ ပတ်သက်တဲ့ပုံသဏ္ဍာန်

မိမိနဲ့ မိသားစုရဲ့ အခြေအနေတွေအကြောင်း သိချင်ရင် အကျင့်ပါစေတဲ့ပုံသဏ္ဍာန်ကို ဆွဲနိုင်တယ်။
(အဲဒီလိုပုံသဏ္ဍာန်ရဲ့နမူနာကို ဖင်လန်ကြက်ခြေနီအဖွဲ့အစည်းရဲ့ အင်တာနက်နေရာတွင် တွေ့နိုင်တယ်။
www.redcross.fi/ext/kotopolku/kotoutumiskaari.htm)
အဲဒီလိုပုံသဏ္ဍာန်ကို သုံးရင် အကျင့်ပါစေခြင်းနဲ့ သက်ဆိုင်တဲ့ ကိစ္စတွေအကြောင်း ပိုနားလည်နိုင်တယ်။

ပုံသဏ္ဍာန်တွင် ဘဝနဲ့ ပတ်သက်တဲ့ အတက်နဲ့ အကျတွေကို မှတ်ထားရတယ်။ ဥပမာအားဖြင့် အလုပ်ရခြင်းက သို့မဟုတ် မိမိတက်ချင်တဲ့သင်တန်းကို တက်ရတာက ဘဝရဲ့အတက် ဖြစ်တယ်လို့ ယူဆနိုင်တယ်။ အဖော်မရှိတဲ့ခံစားချက် သို့မဟုတ် အလုပ်မရခြင်းက ဘဝရဲ့အကျ ဖြစ်တယ်လို့ ယူဆနိုင်တယ်။

မိမိဘဝရဲ့ ပြောင်းလဲခြင်းတွေကို မှတ်မိရင် မိမိရဲ့ ဖင်လန်နိုင်ငံတွင် ရှိတဲ့ဘဝအကြောင်း မိမိက လေ့လာနိုင်တယ်။ ကောင်းတဲ့ အတွေ့ကြုံတွေ ရှိလို့ အားရှိနိုင်တယ်၊ မကောင်းတဲ့ အတွေ့ကြုံတွေ ရှိခဲ့လို့ မိမိရဲ့ အခြေအနေတွေအကြောင်း မိမိ လေ့လာနိုင်တယ်။

## ၂ လင်မယားနှစ်ယောက်အတွက် နိုင်ငံပြောင်းလာခြင်းနဲ့ သက်ဆိုင်တဲ့ စမ်းသပ်မှုတွေ

### ၂.၁ လင်မယားနှစ်ယောက်ရဲ့ အကျင့်ပါစေတဲ့အချိန်ကာလ မတူဘူး။

အဆင်ပြေတဲ့ အိမ်ထောင်ရေးတွင်လည်း နိုင်ငံပြောင်းလာပြီးမှ ရုတ်တစ်ရက် ပြဿနာတွေ ဖြစ်ပေါ်လာနိုင်တယ်။ ငယ်ငယ်တုန်းက အကျင့်ပါလာတဲ့ မိသားစုပုံစံတွေက တစ်ခါတစ်လေ အသုံးမဝင်တော့ဘူး။ ဆွေမျိုးနဲ့ သူငယ်ချင်းတွေက မိမိထွက်ခဲ့တဲ့နိုင်ငံတွင် ကျန်ခဲ့ရင် ကျန်ခဲ့နေပြီ။ နိုင်ငံအသစ်တွင် ပြဿနာတက်ရင် ကူညီပေးနိုင်တဲ့လူ မရှိဖို့ များတယ်။

ဖင်လန်နိုင်ငံတွင် အမျိုးသမီးတွေအတွက် အခွင့်ရေး တော်တော် ကောင်းတယ်။ အများသောအားဖြင့် အမျိုးသမီးတွေဟာ ငွေနဲ့ပတ်သက်ပြီး ယောကျ်ားအပေါ်မှာ မမှုတည်ဘူး။ ဖင်လန်ယောကျ်ားတွေဟာ ကလေးတွေနဲ့ အိမ်ကို ပြုစုခြင်းနဲ့ ပတ်သက်ပြီး ဝိုင်းကူညီလေ့ရှိတယ်။ အများသောအားဖြင့် မွေးဖွားရင် ကလေးရဲ့ဖခင်က ဝင်ပါလေ့ရှိတယ်။

တစ်ခံတစ်ရံ နိုင်ငံပြောင်းလာသူက ဘဝတွင် ရှုပ်ထွေးမှု များတဲ့လို့ ခံစားနိုင်တယ်။ နိုင်ငံအသစ်တွင် ယောကျ်ားနဲ့ မိန်းမ လုပ်တဲ့ ပုံစံအသစ်ကို လေ့လာရပေမယ့် မိမိအဖော်ရဲ့ အကျင့်စရိုက်ပုံစံကို မပြောင်းလဲစေချင်ဘူး။

လင်မယားရဲ့ အကျင့်ပါစေတဲ့ အချိန်က တူလေ့မရှိဘူး။ တစ်ယောက်က နိုင်ငံအသစ်တွင် အားငယ်တယ်လို့ ခံစားရင် သူက နောက်တစ်ယောက်အပေါ်မှာ မှုတည်သွားနိုင်တယ်။

တစ်ယောက်နဲ့ တစ်ယောက်ကို ကူညီးပေးသင့်ပေမယ့် မှုတည်မှု လွန်သွားရင် မကောင်းဘူး။ အဲဒီလိုဖြစ်သွားရင် မှုတည်တဲ့သူက မိမိအပေါ် ယုံကြည်မှု မထားတော့ဘူး။

ဒါကြောင့် လင်မယားနှစ်ယောက်စလုံး နိုင်ငံအသစ်တွင် အကုန် လုပ်တတ်အောင် ကြိုးစားရင် ကောင်းတယ်။ လင်မယားနှစ်ယောက်စလုံး ဘာသာစကားသင်တန်းကို တက်သင့်တယ်။ အရာရှိတွေနဲ့ တွေ့ရင် နှစ်ယောက်စလုံး လိုက်သွားရင် ကောင်းတယ်။ ကျောင်းနဲ့ မူကြိုကျောင်းတွင် အစည်းအဝေး ရှိရင် နှစ်ယောက်စလုံး လိုက်သွားဖို့ လိုအပ်တယ်။ တစ်ယောက်က ဘာသာစကားကို ပိုတတ်ရင်လည်း နှစ်ယောက်စလုံး ပါရင် ကောင်းတယ်။

### ၂.၂ ယဉ်ကျေးမှုနှစ်မျိုးနဲ့ ပတ်သက်တဲ့ အိမ်ထောင်ရေး

လင်မယား နှစ်ယောက်ထဲက တစ်ယောက်ဟာ ဖင်လန်နိုင်ငံသား ဖြစ်ရင် ပိုပြီး ဂရုစိုက်ဖို့ လိုအပ်တယ်။ နိုင်ငံပြောင်း လာသူက နိုင်ငံတွင်မွေးသူအပေါ်မှာ မှုတည်သွားရင် လူကြီးလို မခံစားတော့ဘူး။ အဲဒီလို ဖြစ်ရင် အိမ်ထောင်ရေး မတူညီတော့ဘူး။

ဘာသာစကားနဲ့ ပတ်သက်ရင်လည်း ပြဿနာ ရှိနိုင်တယ်။ ဘာသာစကားမတူရင် မိမိခံစားချက်တွေနဲ့ ဖြစ်စေချင်မှုတွေအကြောင်း မပြောနိုင်ဘူး။ ပြဿနာတွေလည်း ဖြေရှင်းဖို့ ခက်နိုင်တယ်။

အဆင်ပြေတဲ့ အိမ်ထောင်ရေးတွင် လင်မယားနှစ်ယောက်စလုံး တစ်ယောက်နဲ့ တစ်ယောက်ကို လေးစားပြီး တစ်ယောက်နှစ်တစ်ယောက်ရဲ့ ယဉ်ကျေးမှုကို တန်ဖိုးထားတယ်။ ကိစ္စတွေအကြောင်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးရင် အိမ်ထောင်ရေးက အဆင်ပြေလိမ့်မယ်။

နိုင်ငံပြောင်းလာရင် စိတ်အားငယ်ပေမယ့် အိမ်ထောင်ရေးကို ဂရုစိုက်ဖို့ မမေ့သင့်ဘူး။ အခြားပြဿနာတွေကြောင့် အားကုန်ပေမယ့် လင်မယားဟာ တစ်ယောက်နဲ့ တစ်ယောက်ကို ဂရုစိုက်ဖို့ ကြိုးစားသင့်တယ်။ မိဘရဲ့ အိမ်ထောင်ရေးက အဆင်ပြေရင် ကလေးတွေအတွက်လည်း ပိုကောင်းတယ်။

## ၃ မိဘတွေအတွက် နိုင်ငံပြောင်းလာခြင်းနဲ့ ပတ်သက်တဲ့အခက်အခဲများ

### ၃.၁ ပုံစံအပြောင်းနဲ့ ပတ်ဝန်းကျင်အသစ်

အဖေ သို့မဟုတ် အမေ လုပ်တဲ့ပုံစံကို အများသောအားဖြင့် မိမိရဲ့ မိဘဆီက လေ့လာလေ့ရှိတယ်။ ဆွေမျိုးတွေ၊ မိမိရဲ့ ဘဝအခြေအနေတွေနဲ့ ပတ်ဝန်းကျင်ကလည်း မိဘလုပ်တဲ့ပုံစံအတွက် အဓိပ္ပါယ် ရှိတယ်။ နိုင်ငံအသစ်တွင် မိဘတွေက အတွေ့ကြုံအသစ်တွေနဲ့ ရင်ဆိုင်ရမယ်။ နိုင်ငံအသစ်တွင် မိဘ ဘယ်လိုလုပ်ရမလဲဆိုတာကို သိဖို့ မလွယ်ဘူး။

နိုင်ငံပြောင်းလာသူ တော်တော်များများ မပြောင်းခင် ဆွေမျိုးတွေရဲ့ အကူအညီအပေါ်မှာ မှုတည်ခဲ့ဖူးတယ်။ ဖင်လန်နိုင်ငံတွင် နိုင်ငံပြောင်းလာသူတွေက အများသောအားဖြင့် ဆွေမျိုးတွေရဲ့ အကူအညီ မရနိုင်တော့ဘူး။

နိုင်ငံပြောင်းလာရင် ကလေးတွေရဲ့ ဘဝက ပိုအဆင်ပြေလာလိမ့်မယ်လို့ မိဘတွေက မျှော်လင့်လေ့ရှိတယ်။ မိဘတွေက နိုင်ငံအသစ်ရဲ့ ဘာသာစကားနဲ့ ယဉ်ကျေးမှုအကြောင်း လေ့လာရင် ကလေးတွေကိုလည်း မှန်ကန်တဲ့လမ်းကြောင်း သွားနိုင်အောင် ညွှန်ပြဖို့ ပိုလွယ်တယ်။

မိမိရဲ့ကလေးတွေဟာ မိသားစု၊ ဆွေမျိုးတွေနဲ့ ပတ်ဝန်းကျင်က တန်ဖိုးထားလက်ခံတဲ့လူတွေ ဖြစ်လာမယ်လို့ မိဘတိုင်းက မျှော်လင့်ချက်ထားကြတယ်။ အခြားလူတွေက လက်ခံနိုင်အောင်၊ တန်ဖိုးထားနိုင်အောင် ဘယ်လိုနေရသလဲဆိုတာက နိုင်ငံတိုင်းတွင် မတူဘူး။ ကလေးတွေကို သင်ပေးတဲ့ နည်းလမ်းတွေလည်း မတူဘူး။

ကလေးတွေကို ပညာပေးတဲ့နည်းလမ်းတွေနဲ့ ပတ်သက်ပြီး ကွာခြားမှု အများကြီး ရှိနိုင်တယ်။ ကောင်းတဲ့ အကျင့်ဆိုတာ ဘာလဲ၊ ကလေးတွေကို ဘယ်လိုသင်ပေးရသလဲ၊ ဘယ်လိုလမ်းညွှန်ပြရသလဲ၊ ပညာရေးနဲ့ ပတ်သက်ပြီး ဘယ်လိုကူညီရသလဲ၊ အတိုင်းအတာ ဘယ်လိုထားရသလဲဆိုတဲ့ ကိစ္စတွေနဲ့ ပတ်သက်ရင် ယူဆခြင်း မတူဘူး။ မိဘ ဘယ်လိုပုံစံ ဖြစ်ရသလဲဆိုတာနဲ့ ပတ်သက်ရင်လည်း ယူဆခြင်း မတူဘူး။ နိုင်ငံပြောင်းလာသူတွေက တစ်ခါတစ်ရံ ဖင်လန်မိဘတွေ လုပ်တဲ့ပုံစံကို နားလည်ဖို့ ခက်တယ်။

ဖင်လန်နိုင်ငံတွင် အဖေ၊ အမေနဲ့ ကလေးတွေဟာ သီးသန့်ဖြစ်တယ်။ မိသားစုနဲ့ ပတ်သက်တဲ့ ပြဿနာတွေကို မိဘတွေကိုယ်တိုင် ဖြေရှင်းလေ့ရှိတယ်။ ပြဿနာတွေ တက်လာရင် ပြဿနာတွေကို ဖြေရှင်းပေးတဲ့ အဖွဲ့ဆီက ကူညီတောင်းလေ့ရှိတယ်။ မိသာစုနဲ့ ပတ်သက်တဲ့ကိစ္စဆိုရင် ဆွေမျိုးတွေက ဝင်ပြောလေ့မရှိဘူး။

နိုင်ငံပြောင်းလာတဲ့ ကလေးတွေက အကျင့်အသစ်တွေကို မူကြိုကျောင်း သို့မဟုတ် ကျောင်းတွင် အမြန် လေ့လာလေ့ရှိတယ်။ တစ်ခါတစ်ရံ မိဘတွေက မိမိရဲ့ကလေးတွေ လုပ်တဲ့ပုံစံကို နားမလည်နိုင်ဘူး။ တစ်ခါတစ်ရံ မိဘရဲ့အယူအဆတွေဟာ ကလေးတွေ လုပ်တဲ့ပုံစံနဲ့ မတိုက်ဆိုင်ဘူး။ အဲဒီလိုဖြစ်ရင် ကလေးနဲ့ လူငယ်တွေက မိဘပြောတဲ့ စကားကို သိပ်နားမထောင်ချင်တော့ဘူး။

ဖင်လန်နိုင်ငံက မိသားစုတွေကို တန်ဖိုးထားကြောင့် ကလေးထောက်ပံ့ကြေး၊ မိခင်ထောက်ပံ့ကြေးနဲ့ အိမ်တွင်ပြုစုခြင်းထောက်ပံ့ကြေး ပေးတယ်။ ဖင်လန်နိုင်ငံက ကလေးတွေအတွက် မူကြိုကျောင်းနဲ့ ကျောင်းကို တက်ဖို့ အစီအစဉ် လုပ်ပေးထားတယ်။

## ၃.၂ မိဘက ကလေးတွေကို အားပေးရတယ်

နိုင်ငံအသစ်ကို ပြောင်းလာရင် အကျင့်မပါမီ တစ်ခါတစ်ရံ စိတ်လေးခြင်း၊ စိတ်မောခြင်း၊ ဝမ်းနည်းခြင်းနဲ့ စိတ်ဓာတ်ကျခြင်းကို ခံစားနိုင်တယ်။ အဲဒီလို ဖြစ်လာရင် မိဘတွေက ကလေးတွေကို အတိုင်းအတာ ထားဖို့ ခက်သွားနိုင်တယ်။

မိဘတွေဟာ အကူအညီ မရရင် မိဘက ကလေးတွေကို ပြုစုမယ်အစား ကလေးတွေက မိဘကို ပြုစုတတ်တယ်။ အဲဒီလို ဖြစ်ရင် ကလေးက မိဘတွေရဲ့ အာဏာနဲ့ အခွင့်ရေးတွေကို စသုံးလိမ့်မယ်။

မိဘတစ်ချို့ဟာ ပတ်ဝန်းကျင်နဲ့ အဆက်အသွယ် နည်းတယ်။ ကလေးတွေက နေတဲ့နေရာတွေ အကြောင်းလည်း ကောင်းကောင်း မသိဘူး။ အဲဒီလိုဖြစ်ရင် မိဘက ကလေးတွေကို ပညာရေးနဲ့ အခြား ကိစ္စတွေနဲ့ ပတ်သက်ပြီး မှန်ကန်တဲ့လမ်းကြောင်းကို ရွေးချယ်အောင် ညွှန်ပြဖို့ ခက်သွားနိုင်တယ်။ ဒါကြောင့် မိဘက ပတ်ဝန်းကျင်အကြောင်း လေ့လာပြီး လူတွေနဲ့ အဆက်အသွယ် ရှိဖို့ အရေးကြီးတယ်။

တစ်ခံတစ်ရံ မိဘက အားငယ်တယ်လို့ သို့မဟုတ် အထီးကျန်တယ်လို့ ခံစားနိုင်တယ်။ အဲဒီလို ဖြစ်ရင် မိဘက ကလေးကို အားကိုးပြီး အဖော် လုပ်တတ်တယ်။ ဒါပေမယ့် ကလေးက လူကြီးတစ်ယောက်ကို အဖော် မလုပ်သင့်ဘူး။ ကလေးက လူကြီးကို အားကိုးဖို့ လိုအပ်တယ်။ လူကြီးတစ်ယောက်က အခြားလူကြီးတွေနဲ့ အဖော်လုပ်သင့်တယ်။ ကလေးတွေက အခြားကလေးတွေနဲ့ အဖော်လုပ်သင့်တယ်။

တစ်ခါတစ်ရံ မိဘတိုင်းက ကလေးတွေကို အကျင့်မကောင်းလို့ ဆုံးမရတယ်။ ဒါပေမယ့် ကလေးတွေကို ဆုံးမရင် ဖင်လန်နိုင်ငံတွင် ခွင့်မပြုတဲ့ နည်းတွေကို မသုံးရဘူး။ ဖင်လန်နိုင်ငံရဲ့ ဥပဒေအတိုင်း ကလေးတွေကို ကိုယ်ခန္ဓာထိတဲ့နည်းနဲ့ လုံဝ မဆုံးမရဘူး။ မိဘတွေက အခြားဆုံးမတဲ့ နည်းတွေကို ရှာဖွေဖို့ လိုအည်တယ်။

## ၃.၃ ကလေး နေတဲ့နေရာတွေအကြောင်း လေ့လာပါ။

ကလေးတွေဟာ မူကြိုကျောင်းတွင် နေရင်၊ ကျောင်းတက်ရင်၊ အပြင်တွင် ကစားရင်၊ ဝါသနာပါတဲ့ကိစ္စတွေကို လုပ်ရင် ဘယ်လိုရှိသလဲဆိုတာကို မိဘက သိဖို့ လိုအပ်တယ်။ ကလေးရဲ့ အခြေအနေတွေ အကြောင်း သိရင် မိဘက ဂရုစိုက်တယ်လို့ ကလေးတွေက ခံစားလိမ့်မယ်။

မိဘက ဖင်လန်ဘာသာစကား သို့မဟုတ် ဆွီဒင်ဘာသာစကားကို လေ့လာဖို့ အရေးကြီးတယ်။ ဘာသာစကားကို နားလည်ရင် ပတ်ဝန်းကျင်တွင် ဘာဖြစ်လေ့ရှိသလဲ၊ ကလေးတွေနဲ့ လူငယ်တွေဟာ ဘာအကြောင်း ပြောလေ့ရှိသလဲဆိုတာကို သိလိမ့်မယ်။ ကလေးနဲ့ လူငယ်တွေရဲ့ ဘဝအကြောင်း သိဖို့ အရေးကြီးတယ်။ လူငယ်တွေဟာ ဘာကို စိတ်ဝင်စားသလဲဆိုတာကို သိချင်ရင် လူငယ်တွေ ဖတ်လေ့ရှိတဲ့ မဂ္ဂဇင်းတွေကို ဖတ်နိုင်တယ်။

ကလေးတွေအတွက် ရက်တွေအားလုံးနဲ့ နှစ်တွေအားလုံး အရေးကြီးတယ်။ ကလေးတွေဟာ အမြဲတမ်း မိဘဆီက အားပေးမှု လိုအပ်တယ်။ မိဘဟာ နိုင်ငံအသစ်တွင် နေဖို့ အကျင့်ပါလာအောင်နဲ့ ဘာသာစကားအသစ်ကို လေ့လာအောင် ကလေးတွေက အကြာကြီး မစောင့်နိုင်ဘူး။

မိမိကိုယ်တိုင် အားမရှိရင် သို့မဟုတ် နည်းလမ်းမရှာနိုင်ရင် အကူအညီ တောင်းရင် ကောင်းတယ်။ အများသောအားဖြင့် အခြားကလေးတွေရဲ့ မိဘတွေဟာ ကိုယ်ချင်းစာတတ်လို့ အားပေးနိုင်တယ်။ မြို့နယ်တွေရဲ့ လူမှုရေးဌာနတွင် ရှိတဲ့အလုပ်သမားတွေ၊ မူကြိုကျောင်းနဲ့ ကျောင်းတွင် ရှိတဲ့ အလုပ်သမားတွေနဲ့ အခြား ကလေးနဲ့ လူငယ်တွေနဲ့ အဆက်အသွယ် ရှိတဲ့လူတွေလည်း ကူညီပေးနိုင်တယ်။

## ၄ နိုင်ငံပြောင်းလာရင် ကလေးတွေအတွက် ဘာအကျိုးဆက်တွေ ရှိနိုင်သလဲ

### ၄.၁ အပြန်အလှန် ဆက်သွယ်ခြင်း စောစောရှိဖို့ အရေးကြီးတယ်။

မွေးဖွားပြီးမှ ကလေးက မိမိနဲ့ အပြင်ကမ္ဘာအကြောင်း ချက်ချင်း လေ့လာချင်တယ်။ လေ့လာတဲ့အချိန်တွင် မိဘနဲ့ အပြန်အလှန်အဆက်အသွယ် ရှိဖို့အရေးကြီးတယ်။

လူကြီးက ကလေးကို ပြုစုတဲ့အချိန် ကလေးနဲ့ စကားပြောရင် ကလေးက လူကြီးကို ကြည့်ပြီး ပြုံးပြတယ်။ အပြန်အလှန် အဆက်အသွယ်နဲ့ စကားပြောခြင်းက အရေးကြီးတယ်ဆိုတာကို ကလေးက သဘော ပေါက်သွားတယ်။ အဲဒီနားလည်မှုဟာ ကလေးရဲ့ တိုးတက်မှုအတွက် အခိပ္ပါယ်ရှိတယ်။ ကလေးက မိဘနဲ့ အဆက်အသွယ် လုပ်ရင် မိဘက အားပေးဖို့ အရေးကြီးတယ်။

ကလေးက ဘာသာစကားကို မွေးမဖွါးခင် စလေ့လာပြီး ကြီးလာတဲ့အထိ ဆက်လေ့လာတယ်။

ဘာသာစကားကို လေ့လာခြင်းနဲ့ ပက်သက်ပြီး ကလေးတိုင်း မတူဘူး။ ကလေးတစ်ချို့က ၁ နှစ် မပြည့်ခင် ပထမဆုံး စကားလုံးတွေကို ပြောတတ်တယ်။ အခြားကလေးတစ်ချို့က လေ့လာတာ နောက်ကျတယ်။ တကယ်လို့ ၂ နှစ် ပြည့်တဲ့ ကလေးတစ်ယောက်ဟာ လုံး၀ စကားမပြောတတ်ရင် ကလေးဆေးခန်းတွင် ပြောပြသင့်တယ်။

### ၄.၂ ဘာသာစကား လေ့လာတာကို အားပေးခြင်း

ကလေးတစ်ယောက်က ဘာသာစကား အမျိုးမျိုးကို တစ်ချိန်တည်းတွင် လေ့လာနိုင်တယ်။ ကလေးအတွက် ဘယ်ဘာသာစကားဟာ အဓိက ဖြစ်စေချင်သလဲဆိုတာကို သေသေချာချာ စဉ်စားရင် ကောင်းတယ်။ အဓိကဖြစ်စေချင်တဲ့ ဘာသာစကားကို လေ့လာဖို့ ဘယ်လို အားပေးနိုင်သလဲဆိုတာကိုလည်း စဉ်စားဖို့ လိုအပ်တယ်။ မိသားစုတွင် ဘာသာစကားနှစ်မျိုး သုံးရင် အဲဒီဘာသာစကားနှစ်မျိုးစလုံးကို လေ့လာဖို့ အားပေးရတယ်။

အဓိကဖြစ်တဲ့ဘာသာစကားနဲ့ ကလေးက အဓိပ္ပပါယ်တွေကို နားလည်လိမ့်မယ်၊ ခံစားမှုတွေအကြောင်း ပြောတတ်လိမ့်မယ်၊ အပြင်ကမ္ဘာအကြောင်း လေ့လာလိမ့်မယ်။ မိဘက သုံးတဲ့ဘာသာစကားနဲ့ ကလေးက လေ့လာနိုင်တယ်။ ဒါကြောင့် မိဘဟာ အတတ်ဆုံး ဘာသာစကားကို သုံးသင့်တယ်။ အဲဒါဟာ မိမိရဲ့ မိခင် ဘာသာစကား ဖြစ်လေ့ရှိတယ်။

မိဘနှစ်ယောက်စလုံးက မိမိရဲ့ ဘာသာစကားကို သုံးဖို့ အရေးကြီးတယ်။ ကလေးက မိဘနဲ့ စကားပြော တော့ အခြားဘာသာစကားကို သုံးရင်လည်း မိဘက မိမိရဲ့ ဘာသာစကားကို ဆက်သုံးသင့်တယ်။ ကလေးက စကားလုံးတစ်လုံး မသိလို့ အခြားဘာသာစကားနဲ့ ပြောရင် မိဘက မိမိရဲ့ ဘာသာစကားနဲ့ အဲဒီစကားလုံးကို ပြောပြနိုင်တယ်။ ကလေးက စကားလုံး မတတ်လို့ မိဘက အပြစ်မမြင်သင့်ဘူး။ အပြစ်မြင်ရင် ကလေးက မိဘရဲ့ ဘာသာစကားကို ကောင်းကောင်း မတတ်လို့ အားငယ်နိုင်တယ်။

မိဘက ကလေးနဲ့ စကားများများ ပြောရင် ဘာသာစကား တိုးတက်လာလိမ့်မယ်။ မိဘက ပုံပြင်တွေကို ပြောပြနိုင်တယ်။ ကလေးရဲ့ ပြောတာကို နားထောင်နိုင်တယ်။ ကလေးနဲ့ ဆွေးနွေးနိုင်တယ်။ ကလေး အတွက် စာအုပ်တွေကို ဖတ်ပြနိုင်တယ်၊ ကလေးကို ကိစ္စတွေအကြောင်း ရှင်းပြပေးနိုင်တယ်၊ ဘာသာ စကားကို ဘယ်လိုသုံးရသလဲဆိုတာနဲ့ ဘယ်မှာသုံးရသလဲဆိုတာကို မိဘက နမူနာ ပြနိုင်တယ်။ မိဘက မိမိရဲ့ ဘာသာစကားကို တန်ဖိုးထားတယ်ဆိုတာကို ကလေးအတွက် ပြဖို့ အရေးကြီးတယ်။

ကလေးက ဖင်လန်ဘာသာစကား သို့မဟုတ် ဆွီဒင်ဘာသာစကားကို မလေ့လာမှာ မိဘတော်တော်များများက စိုးရိမ်ကြတယ်။ ဒါပေမယ့် မိခင်စကားကို တတ်ရင် အခြားဘာသာစကားတွေကို လေ့လာဖို့ ပိုလွယ်ကူတယ်။ မိဘက မိမိရဲ့ ဘာသာစကားကို မပြောရင် ကလေးက ဖင်လန်ဘာသာစကားကို လေ့လာတာ ပိုမြန်မှာ မဟုတ်ဘူး။ ပိုလွယ်မှာလည်း မဟုတ်ဘူး။ လွယ်မယ်အစား ဘာသာစကားကို လေ့လာတာက ကလေးအတွက် ပိုခက်လာနိုင်တယ်။

ကလေးက အခြားဘာသာစကားကို ပြောတဲ့လူတွေနဲ့ တွေ့ရင် ကောင်းတယ်။ အခြားကလေးတွေနဲ့ ကစားရင် ဘာသာစကားကို လေ့လာဖို့ လွယ်ကူတယ်။ မိဘတွေက ကလေးကစားတဲ့သဲတွင်း၊ ကစားကွင်းနဲ့ အားကစားလုပ်တဲ့နေရာကို လိုက်သွားရင် မိဘက ကလေးကို ကူညီပြီး ညွှန်ပြနိုင်တယ်။

## ၄.၃ ဖင်လန်နိုင်ငံရဲ့ မူကြိုကျောင်းတွေ

ဖင်လန်နိုင်ငံတွင် မူကြိုကျောင်းတွေ ရှိတယ်။ ဒါကြောင့် မိဘတွေက အလုပ်လုပ်နိုင်တယ် သို့မဟုတ် ကျောင်းတက်နိုင်တယ်။

ကလေးရဲ့ အသက် ၉ လ ပြည့်သွားရင် မိခင်ထောက်ပံ့ကြေး မရနိုင်တော့ကြောင့် မိဘတစ်ချို့က ကလေးကို မူကြိုကျောင်းတွင် ထားဖို့ ဆုံးဖြတ်တယ်။ ဒါပေမယ့် မိဘတော်တော်များများက ကလေးရဲ့ အသက် ၃ နှစ်ပြည့်တဲ့အထိ အိမ်တွင် ပြုစုတယ်။ အသက်က ၃ နှစ်ထက် ငယ်တဲ့ကလေးကို အိမ်တွင်ပြုစုရင် မိဘက ပြုစုဖို့ ထောက်ပံ့ကြေး ရတယ်။ မိဘက ကလေးအတွက် မူကြိုကျောင်းနေရာ လိုအပ်ရင် မြို့နယ်က နေရာရှာပေးဖို့ တာဝန်ရှိတယ်။ ဒါပေမယ့် ကလေးဟာ မူကြိုကျောင်းတွင် နေရင် မိဘက ပြုစုဖို့ ထောက်ပံ့ကြေး မရနိုင်ဘူး။

ကလေးဟာ ဖင်လန်စကား သို့မဟုတ် ဆွီဒင်စကားကို အသုံးပြုတဲ့ မူကြိုကျောင်းတွင် နေရင် ကလေးက မိခင်စကားကို ပြောနိုင်အောင် မိဘက အိမ်တွင် ကလေးအတွက် အချိန်ပေးရတယ်။

မူကြိုကျောင်းတွင် ကလေးတွေအတွက် ပညာသင်ပေးတာကို အဓိက မဖြစ်ဘူး။ ကလေးအတွက် ကစားတာနဲ့ အတူတူနေတာက အဓိကဖြစ်တယ်။ မူကြိုကျောင်းတွင် ကလေးတွေက မိမိကိုယ်တိုင် လုပ်တတ်စေချင်တယ်။ ကလေးတွေက အခြားလူတွေနဲ့ အတူတူ နေတာကိုလည်း တတ်စေချင်တယ်။

ကလေး မူကြိုကျောင်းတွင် နေတဲ့အချိန်က ၁၀ နာရီ မကျော်ရဘူး။ မူကြိုကျောင်းတွင် နေတဲ့အချိန်က မလွန်သင့်ဘူး။ အားလပ်တဲ့ရက်တွေလည်း ရှိဖို့ လိုအပ်တယ်။ ကလေးက တစ်ခါတစ်ရံ နားနားနေနေ နေဖို့ လိုအပ်တယ်။ မိသားစုနဲ့ အတူတူ နေခွင့်လည်း ရသင့်တယ်။ ကလေးနဲ့အတူတူ နေရင် မိဘက မိမိရဲ့ အယူအဆတွေအကြောင်း၊ ဘာသာစကားနဲ့ ယဉ်ကျေးမှုကို ကလေးကို သင်ပေးနိုင်တယ်။

မူကြိုကျောင်းတွင် အလုပ်လုပ်တဲ့ ဆရာ၊ ဆရာမတွေဟာ မိဘတွေနဲ့ အတူတူ ပူးပေါင်းဆောင်ရွက်ကြတယ်။ မိမိရဲ့ကလေးနဲ့ ပတ်သက်တဲ့ကိစ္စတွေအကြောင်း သူတို့နဲ့ ဆွေးနွေးနိုင်တယ်။ လိုအပ်မှု ရှိရင် မူကြိုကျောင်းက ကလေးဆေးခန်း၊ ဆရာဝန်၊ စိတ်ပညာဆရာနဲ့ စကားပြောချို့ယွင်းချက်ကို ပြင်ပေးတဲ့ဆရာနဲ့ အတူတူ ပူးပေါင်းဆောင်ရွက်လိမ့်မယ်။

မူကြိုကျောင်းရဲ့ ဝန်ထမ်းတွေဟာ ပြုစုတဲ့အချိန်အကြောင်း၊ အခကြေးငွေအကြောင်း၊ လက်တွေ့ကျတဲ့ ကိစ္စတွေအကြောင်းနဲ့ မူကြိုကျောင်းတွင် လိုအပ်တဲ့အဝတ်အစားတွေအကြောင်း ပြောပြလိမ့်မယ်။ ရာသီဥတု ဘယ်လိုဘဲဖြစ်ဖြစ် ကလေးတွေက မူကြိုကျောင်းမှာ အပြင်တွင် ကစားကြလိမ့်မယ်။ ဒါကြောင့် မိုးကာအဝတ်အစားနဲ့ လဲဖို့ အဝတ်အစားအပို မူကြိုကျောင်းမှာ ထားရတယ်။

## ၄.၄ ကစားခြင်းဟာ ကလေးရဲ့ အလုပ်ဖြစ်တယ်

မိဘတချို့က ကလေး ကစားမယ်အစား ပညာတွေကို ပိုသင်စေချင်တယ်။ ဒါပေမယ့် ကစားရင်နဲ့ ကလေးတွေက အများကြီး လေ့လာနိုင်တယ်။ မူကြိုကျောင်းတွင်၊ ကျောင်းတွင်နဲ့ ဘဝတွင် သိဖို့ လိုအပ်တဲ့ အသိပညာတွေကို ကစားတဲ့အချိန်တွင် လေ့လာနိုင်တယ်။

ကလေး ကစားရင် စိတ်ကူးယဉ်နိုင်တဲ့စွမ်းအားက တိုးတက်လာတယ်။ အာရုံစိုက်နိုင်တဲ့စွမ်းအားက ပိုကောင်းလာတယ်။ ကိစ္စအမျိုးမျိုးအကြောင်း လေ့လာနိုင်တယ်။ ကစားရင် ကလေးက လိုက်လျောညီထွေတာနဲ့ စီစဉ်တာကို လေ့လာတယ်။ ကစားရင် စိတ်ပျက်ခြင်းတွေကို သည်းခံနိုင်ခြင်းနဲ့ မိမိရဲ့အလှည့်ကို စောင့်နေခြင်းကို လေ့လာနိုင်တယ်။

ကစားရင် ကလေးဟာ အခြားကလေးတွေနဲ့ အတူတူ စကားပြောတာကို၊ ဆုံးဖြတ်တာနဲ့ အစီအစဉ်လုပ်တာကို လေ့ကျင့်နိုင်တယ်။ ကလေး ကစားရင် ဘဝအကြောင်း အများကြီး လေ့လာနိုင်တယ်။

## ၄.၅ ယဉ်ကျေးမှုနှစ်မျိုးကြားတွင် ဖြစ်တဲ့ကလေး

ယဉ်ကျေးမှုနှစ်မျိုးကြားတွင် ဖြစ်နေတာက တစ်ခါတစ်ရံ ကလေးအတွက် ခက်တယ်။ အခက်အခဲ ရှိရင် ကလေးဟာ မိဘဆီက အကူအညီ လိုအပ်တယ်။

ကလေးက မိဘရဲ့ ယဉ်ကျေးမှုကို လေးစားစေချင်ရင် အဲဒီယဉ်ကျေးမှုအကြောင်း ကလေးကို သင်ပေးရတယ်။ အခြားအဲဒီယဉ်ကျေးမှု ရှိတဲ့လူတွေနဲ့ ကလေးကို ပေးဆုံသင့်တယ်။

ပတ်ဝန်းကျင်က မိဘရဲ့ယဉ်ကျေးမှုကို  ဘယ်လိုမြင်သလဲဆိုတာလည်း အရေးကြီးတယ်။ မူကြိုကျောင်း၊ ကျောင်းနဲ့ သူငယ်ချင်းတွေက မိဘရဲ့ယဉ်ကျေးမှုကို လက်ခံရင် ယဉ်ကျေးမှုနှစ်မျိုးရဲ့ ကြားတွင် နေတာက ကလေးအတွက် အခက်အခဲ မဖြစ်ဘူး။ မိဘက မူကြိုကျောင်းနဲ့ ကျောင်းကို မိမိရဲ့ယဉ်ကျေးမှုအကြောင်း ပြောပြရင် ကောင်းတယ်။

တစ်ခါတစ်ရံ ကလေးက မိဘရဲ့ ယဉ်ကျေးမှုကို လက်မခံချင်တော့ဘူး။ တစ်ခါတစ်ရံ ကလေးက မိခင်စကား မပြောချင်တော့ဘူး။ မိဘက မိမိစကားကို အပြင်တွင် ပြောရင် ကလေးက ရှက်နိုင်တယ်။ တစ်ခါတစ်ရံ မိဘရဲ့ ယဉ်ကျေးမှုဟာ အခြားလူတွေနဲ့ မတူကြောင့် ကလေးက ရှက်ပြီး ဖင်လန်ယဉ်ကျေးမှုအတိုင်းဘဲ နေချင်တယ်။ ဒီလို ဖြစ်လာရင် မိဘက စိတ်ထိခိုက်နိုင်တယ်။

ဒီလို အခြေအနေတွေ ဖြစ်လာရင် မိဘဟာ စိတ်ရှည်ရှည်ထားပြီး နားလည်မှု ပေးနိုင်ရင် ကောင်းတယ်။ ကလေးဟာ မိဘရဲ့ ယဉ်ကျေးမှုကို စော်ကားချင်လို့ မဟုတ်ဘူးဆိုတာကို မိဘက သိဖို့ လိုအပ်တယ်။ မိသားစုတွင် ဒီကိစ္စအကြောင်း ဆွေးနွေးရင် ပြဿနာကို ရှင်းလေ့ရှိတယ်။

ကလေးတစ်ချို့က နိုင်ငံပြောင်းခြင်းကို ကန့်ကွက်နိုင်တယ်။ အထူးသဖြင့် ကလေးရဲ့ သူငယ်ချင်းတွေ၊ ဝါသနာတွေနဲ့ ဘာသာစကားကျွမ်းကျင်မှုက အရင်နေခဲ့တဲ့နိုင်ငံတွင် ကျန်ခဲ့ရင် အဲဒီလို ဖြစ်လေ့ရှိတယ်။ နိုင်ငံအသစ်ကို ပြောင်းချင်တဲ့အကြောင်းအရာတွေအကြောင်း ကလေးကို နားလည်လက်ခံအောင် မိဘတွေက ရှင်းပြပေးသင့်တယ်။ ကလေးက ဆုံးရှုံးမှုတွေအတွက် ဝမ်းနည်းရင် မိဘတွေက နားလည်မှု ပေးသင့်တယ်။

# ၅ ကလေး ကျောင်းတက်ခြင်း

## ၅.၁ အသက် ၆ နှစ် ပြည့်ရင် ကျောင်းစတက်ခြင်း

အများသောအားဖြင့် ကလေးက အသက် ၆ နှစ် ပြည့်ရင် သူငယ်တန်း စတက်ရတယ်။ ကျောင်း သို့မဟုတ် မူကြိုကျောင်းတွင် သူငယ်တန်းကို တစ်ရက်ကို ၄ နာရီ တက်ရတယ်။ သူငယ်တန်းကို တက်ဖို့ မိဘက ပိုက်ဆံပေးစရာ မလိုဘူး။ ပထမတန်းတွင် စာသင်တာက အဆင်ပြေအောင် သူငယ်တန်းကို တက် ရတယ်။

ကလေးက သူငယ်တန်းတွင် စာသင်တဲ့အချိန်ကုန်ပြီးမှ ပြုစုစောင့်ရှောက်ခြင်းကို လိုအပ်ရင် ရနိုင်တယ်။ ဒါပေမယ့် အဲဒီပြုစုစောင့်ရှောက်ခြင်းအတွက် မိဘက ပိုက်ဆံပေးရတယ်။

ကလေးက အသက် ၇ နှစ် ပြည့်ရင် ဥပဒေအရ စာသင်ရတယ်။ မိဘတွေက ကိုယ်တိုင် ကျောင်းနဲ့ ဆက်သွယ်ရတယ်။ ကျောင်းနဲ့ ဘယ်တော့ဆက်သွယ်ရသလဲ ပြီးတော့ ဘယ်လိုဆက်သွယ်ရသလဲ ဆိုတဲ့ အကြောင်း အသိပေးတဲ့စာတစ်စောင် အိမ်ကို ရောက်လာလိမ့်မယ်။ အများသောအားဖြင့် ကလေးက အိမ်နဲ့ အနီးဆုံး ကျောင်းကို တက်လေ့ရှိပေမယ့် မိဘ ဖြစ်စေချင်ရင် အခြားကျောင်းကိုလည်း ပေးတက်နိုင်တယ်။ ကလေးရဲ့အသက် ၁၆ နှစ် ပြည့်တဲ့အထိ သို့မဟုတ် အခြေခံပညာကျောင်း ပြီးတဲ့အထိ ဥပဒအရ စာသင်ရတယ်။

တကယ်လို့ ကလေးက အခြားနိုင်ငံတွင် ကျောင်းကို စတက်ခဲ့တယ်ဆိုရင် ဖင်လန်နိုင်ငံကို ပြောင်းပြီးမှ သူနဲ့ အသက်တူတဲ့ကလေးတွေက တက်တဲ့အတန်းကို တက်ရတယ်။ မိဘက ကိုယ်တိုင် ကျောင်းနဲ့ ဆက်သွယ်ရတယ်။ ကျောင်းနဲ့ အဆက်သွယ် လုပ်တော့ ကလေးရဲ့ ဘာသာစကားနဲ့ ပတ်သက်တဲ့ ကျွမ်းကျင်မှုတွေအကြောင်းနဲ့ အခြားနိုင်ငံတွင် သင်ခဲ့တဲ့ပညာတွေအကြောင်း ပြောပြရင် ကောင်းတယ်။ ဖင်လန်စကား သို့မဟုတ် ဆွီဒင်စကားကို မတတ်ရင် ကလေးက အဆင်သင့်ဖြစ်စေတဲ့အတန်းကို တက်နိုင်တယ်။ အဆင်သင့်ဖြစ်စေတဲ့အတန်းတွင် ဖင်လန် သို့မဟုတ် ဆွီဒင်စကားနဲ့ အခြားဘာသာရပ်တွေကို သင်ရတယ်။ ဘာသာစကား တတ်ပြီးဆိုရင် ကလေးက ပုံမှန်ဖြစ်တဲ့အတန်းကို ပြောင်းလိမ့်မယ်။

ပထမတန်း စတက်ရင် ကလေးတွေရဲ့ တတ်ခြင်းက မတူဘူး။ အဦးဆုံး ကျောင်းတက်တဲ့ နှစ်နှစ်အတွင်း ကလေးတွေက သူ့အချိန်နဲ့ စာဖတ်တာနဲ့ စာရေးတာကို လေ့လာလိမ့်မယ်။ မူလတန်းတွင် ကလေးတွေရဲ့ တိုးတက်မှုအကြောင်း စာရေးပြီး မိဘကို အကြောင်းကြားလိမ့်မယ်။ အထက်တန်းတွင် အမှတ်ပေးပြီး တိုးတက်မှုများအကြောင်း အကြောင်းကြားလိမ့်မယ်။

ကျောင်းတွင် စာသင်တာကို နားလည်နိုင်အောင် ဖင်လန် သို့မဟုတ် ဆွီဒင်စကား တတ်ဖို့ လိုအပ်တယ်။ ဖင်လန်စကား လေ့လာနိုင်အောင် မိမိရဲ့ မိခင်စကားကို တတ်ဖို့ လိုအပ်တယ်။ ကလေးက မိခင်စကားကို ပိုတတ်အောင် မိဘက ကလေးနဲ့ စကားများများ ပြောရတယ်၊ ဆွေးနွေးရတယ်၊ ကစားရတယ်၊ ကလေးနဲ့ အတူတူ များများ နေရတယ်။

ကျောင်းတွေက ပညာရေးဌာနရဲ့ အစီအစဉ်အရ စာသင်ပေးတယ်။ ပညာရေးအစီအစဉ်အကြောင်းနဲ့ အခြားပညာရေးနဲ့ ပတ်သက်တဲ့ကိစ္စတွေအကြောင်း ကျောင်းတွင် ပြုလုပ်တဲ့ အစည်းအဝေးတွင် ကျောင်းဆရာ၊ ဆရာမတွေက အသိပေးနိုင်တယ်။

အတန်းတိုင်းတွင် အဓိက တာဝန်ခံတဲ့ ဆရာ၊ ဆရာမတစ်ယောက် ရှိတယ်။ မူလတန်းတွင် အဲဒီဆရာ၊ ဆရာမက အများသောအားဖြင့် ဘာသာရပ်တိုင်း သင်ပေးတယ်။ တာဝန်ခံတဲ့ ဆရာ၊ ဆရာမက မိဘတွေနဲ့ အဆက်အသွယ် လုပ်တယ်။ အလုပ်လုပ်တဲ့အချိန်တွင် ကလေးနဲ့ ပတ်သက်တဲ့ကိစ္စတွေ ရှိရင် တာဝန်ခံတဲ့ ဆရာ၊ ဆရာမကို ဆက်သွယ်နိုင်တယ်။ ဖုန်းဘယ်အချိန်ဆက်နိုင်သလဲ၊ ဘယ်နံပတ်ကို ဆက်ရသလဲဆိုတာကို ဆရာ၊ ဆရာမက ပြောပြလေ့ရှိတယ်။

## ၅.၂ အထူးဖြစ်တဲ့ ပညာသင်ခြင်း

တကယ်လို့ ကလေးက အားနည်းချက် ရှိလို့ အထူးဖြစ်တဲ့ ပညာသင်ခြင်းကို လိုအပ်ရင် ရနိုင်တယ်။ ကလေးက ရောဂါ သို့မဟုတ် မသန်စွမ်းမှု သို့မဟုတ် အခြားပြဿနာ ရှိလို့ ပုံမှန်ဖြစ်တဲ့ အတန်းတွင် စာမသင်နိုင်ရင် အထူးဖြစ်တဲ့အတန်းတွင် တက်နိုင်တယ်။

အထူးဖြစ်တဲ့အတန်းပုံစံ အမျိုးမျိုးရှိပေမယ့် အတန်းကို တက်တဲ့ကျောင်းသားတွေက နည်းတယ်ဆိုတဲ့ ကိစ္စကတော့ တူတယ်။ ကျောင်းသားတွေအတွက် ကျောင်းတက်နိုင်အောင် သီးသန့်ဖြစ်တဲ့အစီအစဉ် ပြုလုပ်ပေးထားတယ် (အဲဒီအစီစဉ်က **HOJKS**လို့ ခေါ်တယ်)။ အထူးဖြစ်တဲ့အတန်းတွင် ကလေးက သူနဲ့သင့် လျော်တဲ့နည်းနဲ့ စာသင်ရတယ်။

အထူးဖြစ်တဲ့စာသင်ခြင်းနဲ့ ပတ်သက်ပြီး မိဘတွေက ကလေးကို ပြုစုခဲ့သူတွေ သို့မဟုတ် စစ်ဆေးခဲ့သူတွေနဲ့ အတူတူ အစီအစဉ် ပြုလုပ်ရတယ်။ တစ်ခါတစ်ရံ အထူးဖြင့်တဲ့စာသင်ခြင်းကို လိုအပ်တဲ့ကျောင်းသားက ပုံမှန်ဖြစ်တဲ့အတန်းတွင် စာသင်နိုင်တယ်။ ဒါပေမယ့် သူတွက် အကူအညီအပို ရအောင် အစီအစဉ် ပြုလုပ်ရတယ်။

ကျောင်းတိုင်းတွင် ကျောင်းသားတွေကို စောင့်ရှောက်တဲ့အဖွဲ့ ရှိတယ်။ အဲဒီအဖွဲ့က ကလေးတွေရဲ့ ကျန်းမာရေးနဲ့ ပညာရေးနဲ့ ပတ်သက်ပြီး စောင့်ရှောက်ပေးတယ်။ အဲဒီအဖွဲ့က အကူအညီအပို လိုအပ်တဲ့ကလေးတွေအတွက် ကလေးရဲ့မိဘတွေနဲ့အတူ အစီအစဉ် ပြုလုပ်ပေးထားတယ်။ အဲဒီအဖွဲ့တွင် ကျောင်းတွင်ကူညီပေးသူ၊ စိတ်ပညာဆရာ၊ ကျောင်းအုပ်ကြီး၊ ကျောင်းသူနာပြုနဲ့ ဆရာ၊ ဆရာမတွေ ပါရှိတယ်။ မိမိကလေးနဲ့ ပတ်သက်တဲ့အစည်းအဝေးတွင် မိဘက ဝင်ပါခွင့်ရှိတယ်။

## ၅.၃ ကျောင်းတက်ခြင်းနဲ့ ဝါသနာတွေ

ကလေးတိုင်းက ဝါသနာပါတဲ့ကိစ္စတွေကို လုပ်ချင်ကြတယ်။ ကလေးက သင့်လျော်တဲ့ကိစ္စတွေကို လုပ်ဖို့ မိဘက ညွှန်ပြရတယ်။

မူလတန်း သို့မဟုတ် အလယ်တန်းကို တက်တဲ့ကလေးတွေက အများသောအားဖြင့် ကျောင်းဆင်းပြီးမှ ပြုစုစောင့်ရှောက်ပေးတဲ့နေရာတွင် နေလေ့ရှိတယ်။ ညနေပြုစုစောင့်ရှောက်ခြင်းက ကျောင်းတွင် စာသင်ခြင်းနဲ့ မသက်ဆိုင်ဘူး။ အများသောအားဖြင့် မိဘက ပြုစုစောင့်ရှောက်ခြင်းအတွက် ပိုက်ဆံ ပေးရတယ်။

ကျောင်းတစ်ချို့တွင် ဝါသနာပါသူတွေအတွက် ကလပ်အသင်းတွေ ရှိတယ်။ ကျောင်းဆင်းပြီးမှ ဝါသနာပါတဲ့ ကိစ္စတွေကို ကလပ်အသင်းတွင် သွားလုပ်နိုင်တယ်။ ကျောင်းတွင် ဘာကလက်အသင်းတွေ ရှိသလဲဆိုတာကို နွေရာသီပိတ်ရက်တွေ ပြီးရင် အသိပေးလေ့ရှိတယ်။ အားကစားအသင်းတွေ၊ အဖွဲ့အစည်းတွေ၊ လူငယ်အတွက် နေရာတွေလည်း ရှိတယ်။ ကလေးက ဘာဝါသနာပါသလဲဆိုတဲ့ကိစ္စအကြောင်း ကလေးနဲ့ ဆွေးနွေးရင် ကောင်းတယ်။

ဝါသနာ ပါတဲ့ကိစ္စတွေကို အသင်းတွင် လုပ်ရင် အများသောအားဖြင့် မိဘက ပိုက်ဆံပေးရပေမယ့် ဈေးနှုန်းက ကြီးလေ့မရှိဘူး။ ဝါသနာပါတဲ့ကိစ္စများကို လုပ်နိုင်အောင် မိဘက အများသောအားဖြင့် ကလေးကို သွားပို့ဖို့ လိုအပ်တယ်။

ဝါသနာပါတဲ့ကိစ္စတွေကို လုပ်ရင် မလွန်သင့်ဘူး။ ကလေးက ကျောင်းတက်နိုင်ဖို့လည်း လိုအပ်တယ်။ သူငယ်ချင်းတွေနဲ့ တွေ့ဖို့၊ အပြင်ထွက်ဖို့၊ နားဖို့ ပြီးတော့ မိသားစုနဲ့ အတူတူ နေဖို့လည်း အချိန် ရှိရမယ်။ တစ်ပတ် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် ဝါသနာပါတဲ့ ကိစ္စကို လုပ်ရင် ကျောင်းသားအငယ်တစ်ယောက်အတွက် လုံလောက်တယ်။

# ၆ နိုင်ငံပြောင်းလာခြင်းနဲ့ လူငယ်ဘဝ

## ၆.၁ ကလေးဘဝနဲ့ လူကြီးဘဝရဲ့ကြားတွင် ဖြစ်နေခြင်း

လူငယ်ဘဝက အသက် ၁၀ နှစ်နဲ့ ၁၈ နှစ် ကြားတွင် ဖြစ်တယ်။ လူငယ်တစ်ယောက်က အဲဒီအချိန် ကာလအတွင်း ကလေးဘဝနဲ့ လူကြီးဘဝရဲ့ကြားတွင် နေတယ်။ လူငယ်ဘဝက အများသောအားဖြင့် လူငယ်အတွက် တွေ့ဝေတဲ့အချိန်ကာလတစ်ခု ဖြစ်တယ်။ ကိုယ်ခန္ဓာနဲ့ ပတ်သက်တဲ့ပြောင်းလဲမှုတွေ အများကြီး ရှိတယ်။

လူငယ်က မိမိကို အကဲဖြတ်ပြီး အခြားလူငယ်တွေနဲ့ နှိုင်းယှဉ်လေ့ရှိတယ်။ လူငယ်တော်တော်များများ မိမိက ထူးဆန်းတယ် သို့မဟုတ် မပြည့်စုံဘူးလို့ ခံစားနိုင်တယ်။ အရာရာတိုင်းက မသေချာမရေရာ တယ်လို့ခံစားပြီး စိတ်က မကြာခဏ ပြောင်းလဲနိုင်တယ်။ အများသောအားဖြင့် ဘာဖြစ်နေသလဲ သို့မဟုတ် ဘာဖြစ်လို့ စိတ်ရှုပ်နေသလဲဆိုတာကို လူငယ်က မိမိကိုယ်တိုင်လည်း ရှင်းပြမတတ်ဘူး။

လူငယ်ဘဝတွင် လူငယ်က မိမိရဲ့ဘဝအတွက် ကိုယ်တိုင် တာဝန်စယူပြီး မိဘက လွတ်သွားလေ့ရှိတယ်။ လူငယ်က သူငယ်ချင်းတွေနဲ့ ပိုပေါင်းချင်လာတယ်။ လူငယ်ဘဝတွင် ပုန်ကန်ခြင်းနဲ့ ဆန့်ကျင်ခြင်း များလေ့ ရှိတယ်။

နိုင်ငံပြောင်းလာတဲ့လူငယ်အတွက် တွေ့ဝေမှုတွေ ပိုများနိုင်တယ်။ တစ်ခါတစ်လေ နိုင်ငံပြောင်းခဲ့တဲ့လူငယ်က ယဉ်ကျေးမှုနှစ်မျိုးရဲ့ ယောကျ်ားဖြစ်တဲ့ပုံစံနဲ့ မိန်းမဖြစ်တဲ့ပုံစံကို ကိုက်ညီစေအောင် ကြိုးစားရတယ်။

## ၆.၂ လူငယ်တစ်ယောက်ရဲ့ မိဘဖြစ်ခြင်း

တစ်ခါတစ်ရံ မိဘတွေက လူငယ်တစ်ယောက်ရဲ့ ဖြစ်တဲ့ပုံစံကို နားလည်ဖို့ ခက်တယ်။ သူရဲ့ ဖြစ်တဲ့ပုံစံက မိဘများက အခြားနိုင်ငံတွင် ကိုယ်တိုင် လူငယ်ဖြစ်ခဲ့တဲ့ပုံစံနဲ့ အများကြီး ကွာခြားနိုင်တယ်။ မိဘနေခဲ့တဲ့ နိုင်ငံနှင့် နှိုင်းယှဉ်ရင် ဖင်လန်နိုင်ငံတွင် အယူအဆတွေ အများကြီး ကွာခြားနိုင်တယ်။ လူငယ်ဘဝတွင် လူငယ်တွေက မိဘရဲ့ အယူအဆတွေကို ကန့်ကွက်လေ့ရှိတယ်။

လိင်ဆက်ဆံရေးနဲ့ သက်ဆိုင်တဲ့ကိစ္စတွေအကြောင်းနဲ့ လူကြီးဘဝအကြောင်း လူငယ်အတွက် ဘာပြော ပြရင် ကောင်းမလဲ၊ ဘယ်လိုပြောပြရရင် ကောင်းမလဲ၊ ဘယ်တော့ပြောရရင် ကောင်းမလဲဆိုတာကို မိဘတွေက ကိုယ်တိုင် ဆုံးဖြတ်ရမယ်။ ကျောင်းတွေကလည်း လိင်ဆက်ဆံရေးနဲ့ သက်ဆိုင်တဲ့ကိစ္စတွေ အကြောင်း သင်ပေးပေမယ့် မိဘတွေကလည်း ရှင်းပြပေးသင့်တယ်။

လူငယ်စဖြစ်တဲ့အချိန်က ၆ တန်း အောင်ပြီး အထက်တန်းကျောင်းကို စတက်တဲ့အချိန်နဲ့ တိုက်ဆိုင်တယ်။ လူငယ်က အတန်းအသစ်ကို ပြောင်းရင် သူငယ်ချင်းအသစ်တွေ ရရင် ရမယ်။ ဆရာ၊ ဆရာမတွေကလည်း မတူဘူး။ အထက်တန်းကျောင်းတွင် မိမိကိစ္စတွေအတွက် ကိုယ်တိုင် တာဝန် ပိုယူရတယ်။ အဲဒီအချိန်ဟာ လူငယ်တွေအတွက် မလွယ်ဘူး။

ပညာသင်တာက အနာဂတ်အတွက် အရေးကြီးတယ်ဆိုတဲ့ကိစ္စကို လူငယ်တွေက အမြဲတမ်း နားမလည် ဘူး။ ဒါကြောင့် မိဘက ကျောင်းပြီးတဲ့အထိ လူငယ် စာသင်တာကို ဂရုစိုက်ပြီး အားပေးဖို့ လိုအပ်တယ်။ မိဘနဲ့ ဆရာ၊ ဆရာမတွေကလည်း အဆက်အသွယ် ရှိဖို့ လိုအပ်တယ်။

## ၆.၃ တာဝန် ဘယ်သူက ယူရသလဲ

လူကြီး မဖြစ်ခင် တာဝန်ယူတာကို လေ့ကျင့်ဖို့ အရေးကြီးပါတယ်။ လူငယ်က တာဝန်ယူတတ်အောင် မိဘက အားပေးသင့်တယ်။ ဒါပေမယ့် မိဘက အတိုင်းအတာ ထားရတယ်။

လူငယ်တိုင်းက အတိုင်းအတာတွေကို ကျော်ချင်တယ်။ လူငယ်က ဆေးလိပ် ခိုးသောက်ရင် သောက်လိမ့်မယ်။ အရက် ခိုးသောက်ရင် သောက်လိမ့်မယ်။ မိုးချုပ်မှ အပြင်တွင် နေရင် နေလိမ့်မယ်။ လူငယ်က မိမိလုပ်သမျှကို လျှို့ဝှက်ထားနိုင်တယ်။

လူငယ်တစ်ယောက်နဲ့ ဆွေးနွေးပြီး မိမိအယူအဆတွေအကြောင်း ရှင်းပြပြီး အတိုင်းအတာတွေကို ထားရင် လူငယ်က လူဘဝရဲ့ တာဝန်တွေအကြောင်း ပိုနားလည်လာလိမ့်မယ်။

လိင်ဆက်ဆံရေးက လူငယ်ဘဝနဲ့ သက်ဆိုင်တယ်။ အရင်တုန်းက ကျောင်းကို အတူတူ တက်ခဲ့တဲ့ သူငယ်ချင်းကို ချစ်လာနိုင်တယ်။ ချစ်ခြင်း၊ လွမ်းဆွေးခြင်း၊ စိတ်ပျက်ခြင်းနဲ့ လျှို့ဝှက်ချက်တွေထားခြင်းက အားလုံး လူငယ်ဘဝနဲ့ သက်ဆိုင်တယ်။

လွယ်တဲ့နည်းနဲ့ ပြောရရင် လူငယ်က ဘဝအကြောင်း လေ့လာချင်တယ်။ မိဘတွေဟာ ဘဝတွင် ဆရာနဲ့ ဆရာမလို ဖြစ်ရင် ဘဝအကြောင်း လုံခြုံတဲ့နည်းနဲ့ လေ့လာနိုင်တယ်။

## ၇ နိုင်ငံပြောင်းလာခြင်းနဲ့ မိမိကိုယ်တိုင် ရပ်တည်နိုင်ဖို့ ကြိုးစားခြင်း

လူကြီးဖြစ်တော့မယ့်လူငယ်က မိမိဘဝအတွက် အများကြီး ဆုံးဖြတ်ရတယ်။ လုပ်ငန်းကို ရွေးချယ်ရတယ်၊ ကျောင်းတက်တဲ့နေရာကို လိုက်ရှာရတယ်၊ မိဘရဲ့ အိမ်က ထွက်ရတယ်၊ အဖော် လိုက်ရှာရတယ်၊ စစ်တပ်ကို ဝင်ရင် ဝင်ရတယ်။ တစ်ခါတစ်ရံ လူငယ်က အနာဂတ်ကို တွေးပြီး စိုးရိမ်နိုင်တယ်။ ကိုယ့်အားကိုယ်ကိုးနိုင်အောင် လူငယ်က မိဘရဲ့ အားပေးခြင်းကို လိုအပ်တယ်။

ကိုယ့်အားကိုယ်ကိုးဖို့ အချိန်လိုအပ်ခြင်းက မတူဘူး။ လူငယ်တစ်ချို့က မိဘအိမ်တွင် ပိုပြီး ကြာကြာနေဖို့ လိုအပ်တယ်။ တစ်ခါတစ်လေ အိမ်က ထွက်ရဲအောင် မိဘက အားပေးရတယ်။ ဆွေမျိုးတွေ၊ အဖိုးနဲ့ အဖွားတို့ရဲ့ အားပေးမှုကလည်း အရေးကြီးနိုင်တယ်။ တစ်ခါတစ်ရံ လူငယ်က အဖိုးနဲ့ အဖွားတို့ရဲ့ စကားကို ပိုနားထောင်ပါတယ်။

ဖင်လန်နိုင်ငံကို အခြားနိုင်ငံတစ်ချို့နဲ့ နှိုင်းယှဉ်ရင် လူငယ်တွေဟာ မိသားစုနဲ့ ကွဲကွာတာက ပိုစောတယ်။ ဖင်လန်နိုင်ငံတွင် လူငယ်တွေဟာ မိမိကြိုက်တဲ့ပုံစံအတိုင်းနေပြီး မိဘပြောတဲ့စကားကို နားမထောင်ချင်တော့ဘူး။ တစ်ခါတစ်ရံ လူငယ်ဟာ မိဘနဲ့ သဘောမတူလို့ အိမ်က ထွက်တယ်။ ဒါပေမယ့် အများသောအားဖြင့် လူငယ်ဟာ အိမ်က ထွက်ရင် မိဘနဲ့ သဘောတူပြီး ထွက်လေ့ရှိတယ်။

တကယ်လို့ မိဘက အိမ်တွင် ရှိနေတဲ့လူငယ်ရဲ့ ဖြစ်တဲ့ပုံစံကို အကျင့်ပါလာလို့ လက်ခံရင် လူငယ်က ကိုယ့်အားကိုယ်ကိုးဖို့ ပိုခက်လာနိုင်တယ်။ မိဘက သံယောဇဉ် ဖြတ်နိုင်ဖို့ လိုအပ်တယ်။ လူငယ်ဟာ အိမ်က ထွက်ချင်ရင် မိဘ ကျန်ခဲ့လို့ လူငယ်ကို အပြစ်မတင်သင့်ဘူး။

လူကြီးဖြစ်လာရင် လူငယ်က ကိုယ့်အားကိုယ်ကိုးချင်တယ်။ မိဘက လူငယ်ကို အိမ်က ထွက်ခွင့်ပေးပြီး လူငယ်ကို ယုံကြည်မှုထားဖို့ လိုအပ်တယ်။ မိဘက အမြဲတမ်း လူငယ်ရဲ့ဘဝနဲ့ပတ်သက်ပြီး ဆုံးဖြတ်ခွင့်ရချင်ရင် လူငယ်ကို ယုံကြည်မှုမထားသလို ဖြစ်နေမယ်။

နိုင်ငံပြောင်းလာခဲ့တဲ့မိဘတွေအတွက် ကလေးကို လွှတ်ဖို့ ပိုခက်နိုင်တယ်။ မိဘဆီမှာ လူငယ်ရဲ့ မျှော်လင့်ချက်တွေနဲ့ မတိုက်ဆိုင်တဲ့ မျှော်လင့်ချက်တွေ ရှိနိုင်တယ်။

ဖင်လန်နိုင်ငံတွင် လူကြီးပေါက်စတွေက ကိုယ်ဘာသာ နေတာများတယ်။ မိဘတွေနဲ့ လူငယ်တွေရဲ့ ဆက်သွယ်မှုက နိုင်ငံပြောင်းခဲ့တဲ့မိဘ ဖြစ်စေချင်သလောက် များလေ့မရှိဘူး။

ဒါပေမယ့် အများသောအားဖြင့် နိုင်ငံအသစ်ကို ပြောင်းရင် ကိစ္စတွေက အဆင်ပြေလေ့ရှိတယ်။ နိုင်ငံပြောင်းလာလို့ မိသားစုရဲ့ဘဝဟာ ပိုကောင်းလာနိုင်တယ်။ ဖြစ်နိုင်ခြင်းအသစ်တွေလည်း ပေါ်လာတတ်ပါတယ်။

## ၈ ကူညီခြင်းနဲ့ အသိပေးခြင်း ဘယ်ကရနိုင်သလဲ

လူမှုရေးဝန်ထမ်းတွေ၊ နိုင်ငံပြောင်းလာခြင်းနဲ့ပတ်သက်တဲ့ဝန်ထမ်တွေနဲ့ အဖွဲ့အစည်းတစ်ချို့က မိသားစုတွေကို ကူညီပေးနိုင်တယ်။

ဒီလမ်းညွှန်ပြတဲ့စာအုပ်ကလေးကို လူဦးရေအဖွဲ့ရဲ့ အိမ်သင်ပင်လို့ ခေါ်ဆိုတဲ့ ဌာနခွဲတွင် ရေးထားခဲ့တယ်။ လူဦးရေအဖွဲ့ရဲ့ အိမ်သစ်ပင်ပဘ နိုင်ငံပြောင်းလာသူတွေရဲ့ မိသားစုဘဝ၊ ကလေးတွေရဲ့ ဖွံ့ဖြိုးတိုးတက်ကြီးပြင်းလာခြင်းနဲ့ အသက်ကြီးလာခြင်းနဲ့ ပတ်သက်ပြီး အကြံပေးတဲ့ နေရာတစ်ခု ဖြစ်တယ်။ နိုင်ငံပြောင်းလာသူတွေက နိုင်ငံအသစ်တွင် အကျင့်ပါစေခြင်းအတွက် မိသားစု အဆင်ပြေဖို့ အရေးကြီးပါတယ်။ လူမှုရေးဆက်သွယ်မှုတွေဖျက်ခြင်း၊ ယဉ်ကျေးမှုပြောင်းလဲခြင်းနဲ့ ဘသာစကားအသစ်က မိသားစုတွေအတွက် အခက်အခဲ ဖြစ်သွားနိုင်တယ်။
ဖင်လန်နိုင်ငံကို ပြောင်းလာခဲ့တဲ့ မိသားစုတွေအတွက် ဒီအဖွဲ့က ဘယ်လိုအကူအညီပေးသလဲဆိုတာကို အင်တာနက်တွင် ဝင်ကြည့်ပြီး ဖတ်နိုင်တယ်။
www.vaestoliitto.fi/monikulttuurinen_tyo/

ဖင်လန်နိုင်ငံကို ပြောင်းလာသူတွေအတွက် ဒီအင်တာနက်နေရာတွင်လည်း အသိပေးခြင်းတွေ ရှိတယ်။
www.infopankki.fi
www.selma-net.fi